# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
# School of Industrial Training and Education (SITE)

## သင်တန်းသားသစ်များခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)တွင် ကာလတိုသင်တန်းများ ဖြစ်သည့် အောက်ဖော်ပြပါသင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်သင်ကြားမည့် သင်တန်းများ**

**(က) Certificate in Industrial Technologies**

**(ခ ) Certificate in Woodworking**

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

အမှတ်စဉ်(က)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ G.T.H.S ( EcT, ET, IT ) နှင့် A.G.T.I (EC, EP, Mech, IE ) သင်တန်းတက်ရောက် အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများနှင့် G.T.H.S (BT) နှင့် G.T.I(Civil)သင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့် သက်မွေးလုပ်ငန်း သဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီး

သူများ Interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံ(၃)ပုံ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ ကျန်းမာကြောင်းထောက်ခံချက်မူရင်းနှင့် ရဲစခန်းထောက်ခံစာ မူရင်းတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာ အောင်လက်မှတ် မူရင်း၊ အမှတ်စာရင်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့အား တစ်ပါးတည်းတင်ပြနိုင် ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိပါက (၁)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်း ထောက်ခံစာနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၅။ | သင်တန်းဖွင့်လှစ်မည့်ရက် | - | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၅ ) ရက် |
| | သင်တန်းဖွင့်လှစ်မည့်နေရာ | - | **စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)**<br>နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| | ဆက်သွယ်စုံစမ်းရန်ဖုန်း | - | ၀၁-၅၅၇၃၇၂ ၊ ၀၁-၅၅၆၅၈၃ ၊၀၁-၅၄၄၉၄၉ |

၆။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့် နေ့မှ စ၍ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၊ Website www.site.edu.mm တွင် Download ရယူ၍သော်လည်းကောင်း၊ ရုံးဖွင့်ရက်များတွင် လျှောက်လွှာများကို နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း ထုတ်ယူ၍သော်လည်း ကောင်း၊ **(၁၈-၁၁-၂၀၂၂)**ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထား နိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**